ယောကွမ်ကျေးရွာ

နန်းယွန်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ယောကွမ်ကျေးရွာ၊ နန်းယွန်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ

စကားချီး

ယောကွမ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ နန်းယွန်းမြို့နယ်

ယောကွမ်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်

ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီ အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား- မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော် နည်းဗျူဟာ

၇။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

(ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

အပိုင်း(ခ)

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ် အခြေအနေ

ဇယား(၃) ခါတ်သတ္တုနှင့် အခြားဘာဝအရင်းအမြစ်များ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား(၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များ
ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ
ဇယား(၁၆) ကျောင်းတက်နှုန်း
ဇယား(၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၁၈) အဖြစ်များသော ရောဂါများ
ဇယား(၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုံမှု
ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်
ဇယား(၂၂) အိမ်သာအမျိုးအစား
ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ
ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ
ဇယား(၂၅) ကျား - မ ရေးရာ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ် သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ယောကွမ်ကျေးရွာ၊ နန်းယွန်းမြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ် ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကို ပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသာအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိမည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည် ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍများအတွက် အသုံးဝင်မှု များအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုး လာစေရန်ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ် ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တစ်ဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပန်ဆောင် - နောင်ယန်း အင်းပတ်လမ်းပေါ်တွင်တည်ရှိပြီး နန်းယွန်းမှဆိုင်ကယ်ဖြင့် သွားလျှင်(၅)နာရီခန့် ကြာမြင့်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ တောင်ကမ်းစောင်း တွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး လုပ်ငန်းအနေဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ငန်း၊ ဘဲစသည့် တိရစ္ဆာန်များကို တစ်ပိုင်တစ်နိုင်အနေဖြင့်သာမွေး မြူကြပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ (၉၀) မှ (၁၀၀) ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ် ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာအနီးတွင် တောင်တန်းများ ဝန်းရံလျှက်ရှိပြီး

ရွာ၏ အမြောက်ဘက် (၂)ဖာလုံခန့်တွင် ချောင်းရှိပါသည်။ ထိုချောင်းမှရေကို ရွာသူရွာသားများမှ ချိုးရေနှင့်အိမ်မွေး တိရစ္ဆာန်များ သောက်သုံးရန်အတွက်လည်း အားထားရသော ချောင်းဖြစ်ပါသည်။ တောင်ပေါ်ဒေသဖြစ်သည့် အတွက် စိုက်ပျိုးမြေရရှိရန် တောင်ယာခုတ်၍ စိုက်ပျိုးရသည့်အတွက် တောင်ယာများ ပိုင်ဆိုင်ကြပြီး ကျေးရွာ အနီးတွင် နောင်ယန်းအင်းရှိသည့်အတွက် လယ်မြေပိုင်ဆိုင်မှုများလည်းရှိပါသည်။ အဓိကစိုက်ပျိုးသည့် သီးနှံ များမှာ စပါး၊ ပြောင်းဖူး၊ ပီလောပီနံ၊ ပိန်းဥ၊ မျောက်ဥ၊ အာလာဂျီအပင်များသာ စိုက်ပျိုးကြပါသည်။ ရေမြေ သဘာဝ ရာသီဥတုကောင်းမွန်သည့်အတွက် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေဆီလွှာပျက်စီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုနည်းပါး သော်လည်း လူနေအိမ်များမှာ ယုံးသက် ကယ်၊ ဝါးများဖြင့်တည်ဆောက်ထားသည့်အတွက် မီးလောင်လွယ်သည့် အခြေအနေတွင် ရှိပါသည်။ သို့သော် ငြားလည်း ယခုအချိန်ထိ ကျေးရွာတွင် မီးဘေးအန္တရာယ်ကျရောက်မှု မရှိသေးပါ။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်ယာခုတ်၍ စိုက်ပျိုးမြေဖော်ဆောင်ရသော ကြောင့် တောင်ယာမြေများသာ အသင့်အတင့်ပိုင်ဆိုင်ကြပြီး မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများသည် သီးနှံစိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိက ထားစိုက်ပျိုးကြပြီး၊ စိုက်ပျိုးနိုင်သည့် လယ်မြေဧက (၂၀၀) ဧကရှိပြီး စပါး၊ ပြောင်း၊ အာလာဂျီ၊ ပီလောပီနံ စသည့် သီးနှံများကိုသာ အဓိက စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၂၂) စုနှင့် ကျား(၃၆၃)၊ မ (၃၄၁)ဦးဖြင့် လူဦးရေပေါင်း(၇၀၄)ဦးရှိကာ တစ်အိမ် ထောင်လျှင်ပျမ်းမျှ (၆%)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် များနေသည်။ ကျေးရွာတွင် နာဂလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၈၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြား ပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုး သားဦးရေသည် အမျိုးသမီးဦးရေထက်(၇%) မျှပိုများသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲသောအဆင့်သတ်မှတ်မှုတွင် ၄၇%၊

ချမ်းသာသောအဆင့်သတ်မှတ်မှုတွင် ၂%၊ အလယ်အလတ်အဆင့်သတ်မှတ်မှုတွင် ၄၈%၊ အလွန်ဆင်းရဲသောအဆင့်သတ်မှတ်မှုတွင် ၃%ဟု သတ်မှတ်ကြ သည်။ ကျေးရွာတွင် တောင်ယာနှင့် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမီမှုရှိသဖြင့် ကျေးရွာစီးပွားရေးအနေ အထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ဆင်းရဲအဆင့်သည် ကျေးရွာတွင် အလယ်အလတ် အဆင့်ရှိပြီး လယ်ယာမြေပိုင်ဆိုင်မှု ရှိကြသည်။ အလွန်ဆင်းရဲအဆင့်ရှိသော အိမ်ထောင်စုမှာ လယ်ယာမြေ မပိုင်ဆိုင်သော်လည်း ကျပန်းအလုပ်ဖြင့် အလုပ်အကိုင်ရှာဖွေကြရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ရသောကြောင့် လယ်ယာပိုင်ဆိုင်သည့် အိမ်ထောင်စု အသင့်အတင့်ရှိကြသော်လည်း ရာသီအလိုက်သီနှံများစိုက်ပျိုးကြပြီး ကျပန်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင် ရှာဖွေနိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု (၁၅)ခုကို လေ့လာစမ်းစစ်မှုအရ ၎င်းတို့၏(၁၀%)မှာ သူတစ်ပါးထံမှ ချေးငှားပြီး ထမင်းနပ်မှန်အောင်စားသုံး နိုင်ကြကြောင်း တွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ နည်းပါးကြသည်။ ကျေးရွာသူ/သားများ အနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာတွင်မရရှိဘဲ၊ အသေးစားခွဲစိတ်ကုသမှုများအား ကျေးရွာနှင့် (၁၄)မိုင် ကွာဝေးသော ပန်ဆောင်မြို့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် စိမ့်စမ်းရေကို သောက်သုံးနေကြသဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါ၊ ငှက်ဖျားရောဂါများ အလွယ်တကူဖြစ်ပွားနိုင်ပါသည်။

(ငဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် မူလတန်းအဆင့်သာရှိကြောင်း တွေ့ရှိရသည်။ ရွာသားအများ စုသည် အခြေခံစာရေး/စာဖတ်အတွက် တတ်မြောက်ကြပြီး ဘွဲ့ရရှိသူမရှိသေးပါ။ အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပြီး၊ အလယ်တန်းနှင့် အထက် တန်းပညာကို ပန်ဆောင်မြို့သို့ သွားရောက်သင်ယူရပါသည်။ သို့သော်

အသက်မွေးဝမ်းကျောင်းမှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ စနစ်တကျနေထိုင်မှုရှိပါသည်။ ကျေးရွာတွင် ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား နှင့်အမျိုးသမီးများသည် အခွင့်အရေးတန်းတူ မရရှိသည်ဟု ပြောနိုင်ပါသည်။ နေ့တွက်လုပ်အားခများတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူမရရှိဘဲ၊ ကျေးရွာ၏ အုပ်ချုပ်မှုပိုင်းများတွင်လည်း အမျိုးသမီးများ ကိုမတွေ့ရသေးပါ။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရေးဆိုင် ရာအဖွဲ့အစည်းများ ရှိကြပြီး၊ အဆိုပါ အဖွဲ့အစည်များမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့ အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး၊ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုကောင်း မွန်လာစေရန် ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ဆန်စပါးကိုသာ အဓိက စိုက်ပျိုးကြပြီး လယ်ယာဧက(၂၀၀)ကျော် ရှိပါသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်သုံး စက်ကရိယာများ ဝယ်ယူအသုံးပြုနိုင်ခြင်း မရှိဘဲ၊ ချွန်း၊ ပေါက်တူး၊ ခါးများဖြင့်သာ အသုံးပြုစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ စသည့် အိမ်မွေး တိရိစ္ဆာန်များကို တပိုင်တနိုင် မွေးမြူကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်း တိုးချဲ့ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး အလွယ်တကူ မရရှိနိုင်ကြပါ။

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ရာသီပေါ်သီးနှံများအား ခေါင်းရွက်ဗျက်ထိုး ရောင်းချသူများနှင့် ကုန်စုံဆိုင်ဖွင့်၍ ရောင်းချသူ အနည်းငယ်ရှိကြောင်း တွေ့ရပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာလည်း နေ့စားအလုပ်သမား များအဖြစ် ကျပန်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။ အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်း ပါးခြင်း၊ စက်မှုလက်မှုအတတ်ပညာ တတ်မြောက်မှုနည်းပါးခြင်း၊

အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်ငွေ ကြေးအရင်းအနှီး မရှိခြင်းနှင့် အခြားမြို့ရွာများသို့ သွားရောက်လုပ်ကိုင်သူ အနည်းငယ်ရှိသဖြင့် ငွေကြေး အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများ ကိုသာ အသုံးများကြပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေး သင့်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများသည် အစိုးရ ဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများမှ ချေးငွေမရရှိဘဲ၊ ကျေးရွာတွင်း ငွေကြေးအဆင်ပြေလည်သူများထံမှ ချေးငွေရယူနေရပါသည်။ ရွာသားအများစုသည် ချေးငွေကို ပညာရေး၊ ကျန်းမာရေးနှင့် စာနပ်ရိက္ခာအတွက် ချေးယူကြပြီး၊ ငွေကြေးလိုအပ်ချက် များပြားကြောင်း တွေ့ရပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ တွင် ငွေကြေးလိုအပ်ချက် များစွာရှိနေပြီး၊ ငွေကြေးလိုအပ်ချက် များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျောင်းမှာ သွပ်မိုး၊ ပျဉ်ကာ၊ အင်္ကတေအခင်းဖြင့် ဆောက်လုပ် ထားပြီး၊ အမိုးသွပ်ပြားများနှင့် ပျဉ်ကာများသည် ဟောင်းနွမ်းနေပြီး မိုးမလုံပါ။ ကျောင်းတွင် ဆရာ/ဆရာမ လုံလောက်မှုရှိသော်လည်း၊ ကျောင်းဆောင်အတွင်း ပရိဘောဂပစ္စည်းများ လိုအပ်လျက်ရှိပါသည်။ သောက်သုံးရေအတွက် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော စိမ့်စမ်းရေကန်မှ အများဆုံး အသုံးပြုကြပြီး၊ ရေလုံလောက်မှုရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာသုံးစွဲကြသော်လည်း သန့်ရှင်းမှု မရှိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ယင်ကြောင့် ဆက်စပ်ဖြစ်ပွားသောရောဂါ အနည်းငယ်ဖြစ်ပွားမှုရှိ ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် အနေအထားသီးသန့် မရှိပေ။ ရွာသူ/ရွာသားများသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး/နာရေးကိစ္စရပ်များတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ပြီး၊ ဘာသာရေးပွဲတော်များတွင်လည်း

ရိုးရာအကအလှများဖြင့် တင်ဆက်ပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ထုတ်နိုင်ခြင်း မရှိ သေးပါ။

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် ပန်ဆောင် - နောင်ယန်းအင်းပတ်လမ်းဘေးတွင် တည်ရှိပြီး၊ ၎င်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရအလွန်ခက်ခဲပါသည်။ သို့သော်ကျေးရွာ၏ ရွာတွင်း လမ်းများမှာ လူသွားလမ်းအဖြစ်သာ တည်ရှိနေပြီး၊ ရွာတွင်းလမ်းအဖြစ် သတ်သတ်မတ်မတ် ဖောက်လုပ်ထား ခြင်းမရှိပါ။ ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင် မရှိသည့်အတွက် တယ်လီဖုန်းဆက်သွယ်ရေးနှင့် သတင်း အချက်အလက်များအား အချိန်နှင့်တပြေးညီ မရရှိနိုင်သည့်အပြင်၊ လျှပ်စစ်မီးမရရှိသေးဘဲ ဆိုလာပြားများ ဖြင့်သာ အသုံးပြုနေရပြီး၊ စာကြည့်တိုက်လည်း မရှိသေးသည်ကို တွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပါသည်။ ရွာသားများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိနေပြီး၊ ကျေးရွာတွင် လုံခြုံရေးအားနည်းသဖြင့် အဖိုးတန်းပစ္စည်း အဟုတ်သော်လည်း အနည်း ငယ်မျှသောပစ္စည်းများ မကြာခဏပျောက်တတ်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်သောကြောင့် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်စေသည့် မြေသားလမ်းများ ဖောက်လုပ်ထားရှိပေး ခြင်းသည် ကောင်းမွန်သော လူနေမှုအဆင့်တန်း မြင့်မားစေသည့် အထောက်အပံ့များ ရရှိစေပါသည်။ ကျေးရွာ ရှိ ရွာသူ/ရွာသားများ၏ (၇၀%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည့်အတွက် လုပ်သားအင်အား အရင်းအမြစ် ရှိပါသည်။ ခွဲစိတ်ကုသမှုများအတွက် ပန်ဆောင်ဆေးရုံသို့ သွားရောက်ကုသ ရန်မြို့နှင့်လည်း နီးပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသော်လည်း ကလေးသူငယ်များအတွက် မူကြိုကျောင်းဆောင် မရှိ သည့်အပြင်၊ ရွာသူ/ရွာသားများ အသိပညာဗဟုသုတတိုးစေမည့် စာကြည့်တိုက်လည်း မရှိသည်ကို တွေ့ရှိရပါ သည်။

သဘာဝရင်းမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်မဟုတ်ဘဲ တောင်ကုန်းတောင်စောင်းများတွင် ရှိကြပြီး မြေဆီမြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်အခြားဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် အထောက်အပံ့ဖြစ်စေပါသည်။ လယ်ယာထွက်ကုန်နှင့် ရာသီပေါ်သီးနှံများကိုလည်း မြို့နှင့် နီးသောကြောင့် အလွယ်တကူရောင်းချနိုင်သော်လည်း လက်ရှိပေါက်စျေးအောက် စျေးနှိမ်၍ရောင်းချနေရခြင်း၊ စျေးကွက်မရှိခြင်းစသည့် အခက်အခဲများ ရှိနေပါသည်။

ကျေးရွာတွင် ကွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲစသည့် တိရိစ္ဆာန်များကို စီးပွားဖြစ်မဟုတ်ဘဲ ဟင်းလျာအတွက်သာ တပိုင်တနိုင်မွေးမြူကြပါသည်။ ကြက်နှင့် ဝက်များကို စီးပွားဖြစ်မွေးမြူရန်အတွက် အရင်းအနှီး လိုအပ်လျက်ရှိပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများကို လည်း တိုးမြှင့်ဆောင်ရွက် ပေးစေလိုပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ထန်းသိမ်းစောင့်ရှောက်ကြပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင် မရှိသည့်အတွက် သတင်းအချက် အလက်ရယူရာတွင် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ် ရာတွင် I-Con များဖြင့်သာ ဆက်သွယ်ပြောဆိုရပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သေးပါသဖြင့် လယ်သမားများအဖို့ သီးနှံအထွက် နှုန်းတိုးအောင် အားစိုက်ရပေမည်။

ကျေးရွာရှိ လယ်ယာမြေများကို ရေသွယ်မြောင်းများ ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ စိုက်ခင်းများတွင် ကျ ရောက်တတ်သော ဖျက်ပိုးများနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအမံများမရှိ သေးပေ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရန် အတွက် အကန့်အသတ်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိနားလည်မှု အထိအတွေ့ တို့ အားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ကျွန်ုပ်တို့၏ ကျေးရွာသည် ခေတ်မီသော စိုက်ပျိုးရေးနည်းဗျူဟာများ၊ ဆေးဝါးများ၊ မျိုး ကောင်းမျိုးသန့်များ ရရှိပြီး တောင်သူလယ်သမားတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထုတ်ကုန်နှစ် ဆတိုးမြှင့် လာနိုင်စေရမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေး ငယ်များ၏လူငယ်ဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် အဖွဲ့အစည်း များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ လက်တွဲဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ် သော စံပြကျေးရွာ ဖြစ်လာစေရမည်။

(ခ) အကောင်အထည်ဖော် နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိနိုင်ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားချေးငွေလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိလာ ပါကစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အတွက်ခွဲဝေချထားပေးမည်။

၇။ ဦးစာပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အဦ	ကျေးရွာခမ်းမဆောင် ဆောက်လုပ်ခြင်း	၁၀၀	၁	ကျေးရွာတွင်းရှိ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ဆောင်ရွက်သွားမည်။	ကျေးလက်ဦးစီး
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်း	ရေတားတမံဆောက်လုပ်ခြင်း	၈၄	၂	ရေတားတမံဆောက်လုပ်ခြင်း လုပ်ငန်းအားဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့်လိုအပ်သည့် နည်း ပညာအထောက်အပံ့ ရရှိနိုင်ရန် ကျေးလက်ဦးစီးဌာနနှင့် အခြား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။	ကျေးလက်ဦးစီး နှ.တ.လ ဌာန
ကျေးရွာအဆောက်အဦ	ရွာတွင်းမြေသားလမ်း ဖောက်လုပ်ခြင်း	၇၅	၃	ကျေးရွာတွင်းရှိ လူသွားလမ်းများအား မြေသားလမ်းဖောက် လုပ်ခြင်းကို	ကျေးလက်ဦး

				ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီးဆောင်ရွက်သွားမည်။	စီး နှ.တ.လ ဌာန
ကျေးရွာအဆောက်အဦ	မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း	၆၃	၄	မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင် ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လိုအပ်သည့် ရန်ပုံငွေနှင့် နည်းပညာ အထောက်အပံ့ရရှိရန် ပညာရေးဌာနနှင့် အခြားသက် ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။	ပညာရေးဌာန ကျေးလက်ဦး စီး နှ.တ.လ ဌာန
ကျေးရွာအဆောက်အဦ	ရေပေးလုပ်ငန်း ဆောင်ရွက်ခြင်း	၅၂	၅	စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့်နည်းပညာ အထောက်အပံ့ ရရှိနိုင်ရန် ကျေးလက်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများ နှင့်ပူးပေါင်း ဆောင်ရွက်သွားမည်။	ကျေးလက်ဦး စီး နှ.တ.လ ဌာန

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

စဉ်	စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာခမ်းမဆောင် ဆောက်လုပ်ခြင်း	၁	Â				

၂	ရေတားတမံဆောက် လုပ်ခြင်း	၂		Â			
၃	ရွာတွင်းမြေသားလမ်း ဖောက်လုပ်ခြင်း	၃			Â		
၄	မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း	၄				Â	
၅	ရေပေးလုပ်ငန်း ဆောင်ရွက်ခြင်း	၅					Â

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	လုပ်ငန်းတာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းဝမ်း	ဦးကဲလ်ဆမ်	၅/နယန(နိုင်) ၀၀၅၄၆၉	၄၈	ဥက္ကဋ္ဌ	-
၂	ဦးမောကာ	ဦးလွင်ဝမ်း	၅/နယန(နိုင်) ၀၀၅၄၆၈	၄၉	ဘဏ္ဍာရေးမှူး	-
၃	ဦးဝင်းရိန်	ဦးနားရဲ့	၅/နယန(နိုင်) ၀၀၀၈၁၈	၄၂	စာရင်းကိုင်	-
၄	ဒေါ်ပါးကော့	ဦးညီနော	၅/ပဆန(နိုင်) ၀၀၃၃၉၃	၂၈	သော့ကိုင်(၁)	-
၅	ဒေါ်ညားစိန်	ဦးခင်စိန်	၅/ပဆန(နိုင်) ၀၀၀၄၇၈	၂၇	သော့ကိုင်(၂)	-
၆	ဦးနာပဲ	ဦးနားလွင်း	၅/နယန(နိုင်) ၀၀၄၀၉၃	၃၉	အဖွဲ့ဝင်	-
၇	ဦးယင်ဟာ	ဦးကန်ကိုး	၅/ပဆန(နိုင်) ၀၀၁၇၅၆	၃၀	အဖွဲ့ဝင်	-
၈	ဦးနုတ်ဟုန်	ဦးခင်ရန်	၅/ပဆန(နိုင်) ၀၀၀၆၇၃	၃၂	အဖွဲ့ဝင်	-
၉	ဦးဟားထင်းအောင်	ဦးဘားရဲ	၅/ပဆန(နိုင်) ၀၀၀၈၉၇	၃၂	အတွင်းရေးမှူး	-
၁၀	ဦးညွှပ်ဝါး	ဦးနာလန်း	၅/ပဆန(နိုင်) ၀၀၄၉၂၂	၃၇	အဖွဲ့ဝင်	
၁၁	ဦးတောဝမ်း	ဦးလက်ရှမ်း	၅/နယန(နိုင်) ၀၀၇၈၇၃	၄၄	အဖွဲ့ဝင်	

(ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန် အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာ ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက် ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေး တိုးတက် ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်း ကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက် လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများ ရယူပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

တောင်သူအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	<u>စိုက်ပျိုးရေးကဏ္ဍ</u> စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းခြင်း	Ê သီးနှံဖျက်ပိုးကျရောက်ခြင်း ì နည်းပညာအထောက်အပံ့အားနည်းခြင်း ì မျိုးကောင်း/မျိုးသန့်ဝယ်ယူရန် လက်လှမ်းမမီခြင်း ì စိုက်ပျိုးရေးသွင်းအားစုများအတွက်ငွေကြေးမပြည့်စုံခြင်း ì စိုက်ပျိုးရေးအသိပညာအားနည်းခြင်း	ì မြေဆီလွှာအသင့်အတင့်ကောင်းမွန်ခြင်း ì မိုးရွာသွန်းမှုကောင်းမွန်ခြင်း ì မြေဩဇာနှင့်ဓါတုပိုးသတ်ဆေးပေါင်းသတ်ဆေးများဝယ်ယူရရှိရန်လက်လှမ်းမီခြင်း ì လယ်ယာမြေဖော်ဆောင်နိုင်ခြင်း ì စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	ì စိုက်ပျိုးရေးသွင်းအားစုများဝယ်ယူရန်ငွေကြေးမပြည့်စုံခြင်း ì သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းမှုအားနည်းခြင်း	ì ချေးငွေရရှိနိုင်ရန် ဘဏ်များနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရာများဖန်တီးပေးခြင်း ì သီးနှံဖျက်ပိုးနှိမ်နင်းရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ထိရောက်သောအစီအမံများချမှတ်ဆောင်ရွက်ခြင်း ì မျိုးကောင်း/မျိုးသန့်ရရှိရန်နှင့် နည်းပညာအကူအညီရရှိရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း ìစိုက်ပျိုးရေးဦးစီးဌာနမှ ပုံမှန်ကွင်းဆင်း ပညာပေးခြင်း	<u>စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး</u> ì စိုက်ပျိုးရေးနည်းစနစ်များရရှိရေး ì ချေးငွေရရှိနိုင်ရေး

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၂	<u>မွေးမြူရေးကဏ္ဍ</u> မွေးမြူရေးလုပ်ငန်းများမှ အကျိုးအမြတ်လျော့နည်းခြင်း	၊ ကူးစက်ရောဂါများကျရောက်တတ်ခြင်း ၊ မွေးမြူရေးနည်းပညာအားနည်းခြင်း ၊ နည်းပညာအထောက်အပံ့အားနည်းခြင်း ၊ မွေးမြူရေးသွင်းအားစုများအတွက်ငွေကြေးမပြည့်စုံခြင်း	၊ မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း ၊ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် အိမ်ခြံမြေများရှိနေခြင်း ၊ မွေးမြူရေးတိရစ္ဆာန်ရောင်းချရန် စျေးကွက်ရှိခြင်း	၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးမပြည့်စုံခြင်း ၊ ကာကွယ်ဆေးပုံမှန်မထိုးပဲ စွန့်စားသောအလေ့အထရှိခြင်း ၊ ရောဂါဖြစ်ပွားမှု အမြစ်ပြတ်ရေးစနစ်မရှိခြင်း ၊ မွေးမြူရေးအစာစျေးနှုန်းမတည်ငြိမ်ဘဲ မြင့်တက်ခြင်း	၊ စျေးသက်သာပြီးထိရောက်မှုရှိသောကာကွယ်ဆေးထိုးမှုများကိုစနစ်တကျဆောင်ရွက်ခြင်း ၊ ချေးငွေရရှိနိုင်ရန် ဘဏ်များနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရာများဖန်တီးပေးခြင်း ၊ မွေးမြူရေးနည်းပညာနှင့်အသိပညာများရရှိရန် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	<u>မွေးမြူရေးအကျိုးအမြတ်ဖြစ်ထွန်းေ</u> ၊ မွေးမြူရေးနည်းစနစ်များရရှိရေး ၊ ချေးငွေရရှိနိုင်ရေး

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	၊ မြေယာမဲ့အိမ်ထောင်စုများအတွက်စိုက်ပျိုး/မွေးမြူရေးမဟုတ်သော အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း	၊ မြို့နယ်/ဒေသတွင်အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်ရန် ပံ့ပိုးမှုမရရှိခြင်း	၊ အလုပ်လုပ်နိုင်သည့် လူငယ်အင်အားထုရှိခြင်း	၊ လုပ်ငန်းကျွမ်းကျင်မှု အားနည်းခြင်း ၊ဘဏ်ဝန်ဆောင်မှုများနှင့် လက်လှမ်းမမီခြင်း	၊ ထုတ်လုပ်သူများနှင့်ဝယ်ယူသူများအကြား အဆက်အသွယ်ရှာပေးခြင်း	၊ ဒေသတွင်းအသေးစားငွေရေးကြေးရေးဘဏ်စနစ် ဆောင်ရွက်ပေးခြင်း
	၊ အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အရင်းအနှီးမရနိုင်ခြင်း	၊ ဘဏ်နှင့်ငွေရေးကြေးရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးမှုအားနည်းခြင်း	၊ အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်ရန်မြို့နှင့်နီးခြင်း	၊ အသေးစားစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲနိုင်စွမ်း အားနည်းခြင်း ၊ ဈေးကွက်ထိုးဖောက်မှုအသိအမြင်အားနည်းခြင်း	၊ အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	၊ မြို့နယ်အဆင့်မှဘဏ်ဝန်ဆောင်မှုနှင့် အသေးစားချေးငွေလုပ်ငန်းများဆောင်ရွက်ပေးခြင်း
	၊ လုပ်ငန်းခွင်သုံးပညာအရည်အသွေး မပြည့်မီခြင်း	၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုနှင့်အရင်းအနှီးအားနည်းခြင်း ၊ အသေးစားစီးပွါးရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အပံ့အားနည်းခြင်း	၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးသည့် သက်ဆိုင်ရာဌာနများရှိခြင်း	၊ သက်ဆိုင်ရာဌာနများမှစိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများအတွက်စီမံကိန်း၊ ပံ့ပိုးမှုတို့အားနည်းခြင်း ၊ အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အရင်းအနှီးမရှိခြင်း	၊ အသေးစားစီးပွာရေးလုပ်ငန်းများအတွက် မြို့နယ်အဆင့်ဘဏ်ဝန်ဆောင်မှုများ ရရှိစေခြင်း ၊ ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့်အသေးစားစွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးရေး	၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း

အမျိုးသမီးအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	<u>ကျန်းမာရေးကဏ္ဍ</u> ၊ ၄က်ဖျားနှင့် ဝမ်းပျက်/ဝမ်းလျော ရောဂါဖြစ်ပွားခြင်း	၊ ခြင်ကိုက်ခြင်း၊ အိပ်ယာဝင်ချိန် ခြင်ထောင်အသုံးမပြုခြင်း ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု အားနည်းခြင်း အစားအစာများကို ယင်မနား အောင်ဖုံးအုပ်မထားခြင်း ၊ ရေစီးရေလာကောင်းမွန်အောင် မဆောင်ရွက်ခြင်း ၊ ရေကိုကျိုချက်၍ မသောက်သုံးခြင်း ၊ ယင်လုံအိမ်သာအသုံးပြုမှု နည်းခြင်း ၊ ကျန်းမာရေးအသိပညာ နည်းခြင်း	၊ ခြင်ထောင်၊ ခြင်ဆေးခွေ/ခြင်ဖျန်း ဆေးနှင့် အိမ်သာသုံးပစ္စည်းများ ဝယ်ယူရန်လက်လှမ်းမီခြင်း ၊ ကျန်းမာရေးဆေးပေးခန်းရှိခြင်း ၊ ကျေးရွာတွင်းရေစီးရေလာကောင်း မွန်စေရန်နှင့်သန့်ရှင်းသာယာလှပရေး တို့အတွက်လူငယ် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိနိုင်ခြင်း	၊ ကျန်းမားရေးအသိပညာဗဟု သုတနည်းခြင်း ၊ ရောဂါဖြစ်လျှင် ဆေးရုံ/ဆေး ပေးခန်းသို့သွားသည့် အလေ့ အထနည်းခြင်း ၊ ကျန်းမာရေးဆေးပေးခန်းရှိ သော်လည်း ဆရာ/ဆရာမ အချိန်ပြည့် မရှိခြင်း ၊ ခြင်ထောင်၊ ခြင်ဆေးခွေ/ ခြင်ဖျန်းဆေးနှင့် အိမ်သာသုံး ပစ္စည်းများ၊ ဆေးဝါးများဝယ် ယူရန် ငွေကြေးမရှိခြင်း	၊ ကျန်းမာရေးဌာနနှင့်ပူပေါင်း ၍ကျန်းမာရေးအသိပညာ ဟောပြောပွဲများ ပြုလုပ်ခြင်း ၊ ရေစီးရေလာကောင်းမွန်စေရန် နှင့်ရပ်ရွာသန့်ရှင်းသာယာလှပ ရေးတို့အတွက် လူငယ်အဖွဲ့အ စည်းများ ဖွဲ့စည်းထားရှိခြင်း ၊ ရေကိုကျိုချက်၍ သောက်သုံး ခြင်း၊ အစားအစာများ ကိုယင် မနားစေရန် ဖုံးအုပ်ထားရှိခြင်း	ရပ်မိ/ရပ်ဖများအနေဖြင့် ရပ်ရွာ သန့်ရှင်းသာယာလှပရေးထိန်း သိမ်းဆောင်ရွက်ရန် အဖွဲ့အ စည်းများ ဖွဲ့စည်းထားရှိခြင်း ၊ ကျန်းမာရေးဌာနနှင့်ပူပေါင်း ၍ကျန်းမာရေးအသိပညာ ဟောပြောပွဲများ ပြုလုပ်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းမ
၂	<u>ကျား/မ ရေးရာကဏ္ဍ</u> ၊ရပ်ရွာ၏စီမံအုပ်ချုပ်မှုပိုင်းနှင့်ရပ်ရေး/ရွာရေးကိစ္စများတွင်အမျိုးသမီးများပါဝင်မှုနည်းခြင်း	၊ အမျိုးသမီးများအနေဖြင့်အိမ်မှုကိစ္စများနှင့် သာအချိန်ကုန်စေခြင်း ၊ ရပ်ရေး/ရွာရေးကိစ္စများတွင် စိတ်ပါဝင်စားမှုနည်းခြင်း ၊အမျိုးသမီးများအနေဖြင့် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်း ၊ စီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများအား နေရာမပေးခြင်း ၊ အဆုံးအဖြတ်ပေးရမည့်ကိစ္စများတွင် ကျား/မတန်းတူညီမှုမရရှိခြင်း	၊ ရပ်ရေး/ရွာရေးကိစ္စများတွင် ပါဝင် ဆောင်ရွက်နိုင်သည့် အမျိုးသမီးများ ရှိခြင်း ၊ ကျား/မတန်းတူပညာသင်ကြား ခွင့်ရရှိခြင်း	၊ အမျိုးသမီးများ၏ ပူးပေါင်း ပါဝင်မှုအားနည်းခြင်း ၊အမျိုးသမီးများအနေဖြင့် မိမိ ကိုယ်ကို ယုံကြည်မှုနည်းခြင်း ၊ အမျိုးသားများအနေဖြင့် ရပ်ရေး/ရွာရေးကိစ္စများတွင် အမျိုးသမီးများအား လက်တွဲ ခေါ်ယူမှုအားနည်းခြင်း ၊ စီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုး သမီးများအား နေရာပေးလို စိတ်မရှိခြင်း	၊ ရပ်ရေး/ရွာရေးကိစ္စများတွင် အမျိုးသမီးများပါဝင်လာစေရန် အမျိုးသားများအနေဖြင့် တိုက်တွန်းမှုများ၊ လက်တွဲခေါ်ယူမှုများပြုလုပ်ခြင်း ၊ အမျိုးသမီးရေးရာအဖွဲ့နှင့်ပူးပေါင်း၍ အမျိုးသမီးများ၏ စိတ်ဓါတ်ခွန်အားမြှင့်တင်ခြင်း	ရပ်မိ/ရပ်ဖများအနေဖြင့်ရပ်ရွာရေးကိစ္စများတွင်အမျိုးသမီပါဝင်လာစေရန်တိုက်တွန်းမှုများ၊ လက်တွဲခေါ်ယူမှုများပြုလုပ်ခြင်း ၊ အမျိုးသမီးရေးရာအဖွဲ့နှင့်ပူးပေါင်း၍အမျိုးသမီးများ၏ပါဝမှုအခန်းကဏ္ဍမြှင့်တင်ခြင်း

လူငယ်အဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	၊ အချိန်ကိုအကျိုးရှိစွာအသုံးမချခြင်း ၊အလုပ်လက်မဲ့များခြင်း	၊ အပျော်အပါးလိုက်စားမှုများခြင်း ၊အရက်သေစာသောက်စားခြင်းဖြင့် အချိန်ကုန်ခြင်း ၊ဖုန်းများဖြင့်(VideosၤGames)အသုံးပြုမှု များခြင်း	၊ အလုပ်လုပ်နိုင်သည့် လူငယ်/လူရွယ်များ ရှိနေခြင်း ၊စာကြည့်တိုက်တည်ထောင်ရန် ပြန်/ဆက်ဌာနနှင့် နီးစပ်ခြင်း	၊ ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း ၊စာပေဟောပြောပွဲများမပြုလုပ်နိုင်ခြင်း	၊ ရပ်မိ/ရပ်ဖများနှင့်ဆရာ/ဆရာမများပူးပေါင်း၍ လူငယ်များစာအုပ်ၤစာပေများဖတ်ရန်တိုက်တွန်းခြင်း	၊ ပြန်/ဆက်ဌာနနှင့်ပူးပေါင်း၍ စာကြည့်တိုက်တည်ထောင် ဖွင့်လှစ်ခြင်းၤစာပေဟောပြောပွဲများပြုလုပ်ခြင်း
		၊ အသက်မွေးဝမ်းကျောင်းအသိပညာ/အတတ်ပညာတတ်မြောက်မှု အားနည်းခြင်း -လုပ်ငန်းခွင်သုံးပညာရေးအဆင့်အတန်း နိမ့်ခြင်း ၊ လေ့လာသင်ယူမှုအားနည်းခြင်း ၊အလုပ်အကိုင်အခွင့်လမ်းနည်းပါးခြင်း	၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးသည့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	၊ စာအုပ်/စာနယ်ဇင်းနှင့် သတင်းစာများ၊ သုတရသစာအုပ်စာပေများ အလွယ်တကူဝယ်ယူ၍ မရနိုင်ခြင်း	၊ ပြန်/ဆက်ဌာနနှင့်ပူးပေါင်း၍စာကြည့်တိုက်တည်ထောင်ဖွင့်လှစ်ခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်း ၊ သက်ဆိုင်ဌာနများနှင့်ပူးပေါင်း၍အသက်မွေဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း ၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း	၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးသည့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၂	၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း	၊ မူယစ်ဆေးဝါးများဝယ်ယူရန် လက်လှမ်းမီခြင်း ၊ ဥပဒေအရထိရောက်စွာ အရေးယူမှုနည်းခြင်း ၊ မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရယ် အသိပညာနည်းခြင်း	၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဖွဲ့အစည်းများဖွဲ့စည်းနိုင်ခြင်း ၊ တရားရုံး၊ ဥပဒေရုံး၊ ရဲစခန်း စသည့် သက်ဆိုင်ရာဌာနများ နှင့် နီးခြင်း ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးအသိပညာဟောပြောပွဲများပြုလုပ်နိုင်ခြင်း ၊ ဆေးသုံးစွဲသူများ ဆေးဖြတ်ရန်ဆေးရုံနှင့်နီးခြင်း	၊ ဥပဒေအရ ထိရောက်စွာ အရေးယူမှုနည်းပါးခြင်း ၊ မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရယ် အသိပညာပေးဟောပြောပွဲများ မပြုလုပ်နိုင်ခြင်း ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှုအား နည်းခြင်း	၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဥပဒေအရထိရောက်စွာ အရေးယူခြင်း ၊ မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာဟောပြောပွဲများ ပြုလုပ်ခြင်း ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍မူးယစ်ဆေးဝါး ပပျောက်အောင်ဆောင်ရွက်ခြင်း ၊ ရောင်းသူ/ဝယ်သူများကို ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း

ရပ်မိရပ်ဖအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	<u>ကျေးရွာတွင်းရှိအခြေခံ အဆောက်အဦများ</u> ၊ ရွာတွင်းလမ်းမကောင်းခြင်း ၊စာကြည့်တိုက်မရှိခြင်း ၊လျှပ်စစ်မီးမရရှိခြင်း ၊iPhone လိုင်းမမိခြင်း	၊ လမ်းဖောက်လုပ်ရန် ငွေကြေးမရှိခြင်း ၊သက်ဆိုင်ရာဌာနများမှလမ်း ဖောက်လုပ်ပေးမှု မရှိခြင်း ၊ ရွာတွင်းလမ်းအဖြစ်သတ် သတ်မတ်မတ် မရှိဘဲလူသွား လမ်းသာရှိခြင်း ၊ စာကြည့်တိုက်တည်ထောင် ရန်နှင့်လျှပ်စစ်မီးသွယ်တန်း ရန်ငွေကြေးမရှိခြင်း ၊ ဓါတ်အားလိုင်းနှင့်အနည်း ငယ်ကွာဝေးခြင်း ၊ ဆက်သွယ်ရေး Tower တိုင်မရှိခြင်း ၊ တောတောင်ထူထပ်ခြင်း	၊ လမ်းဖောက်လုပ်ခြင်း၊ စာကြည့်တိုက်တည် ထောင်ခြင်း -လျှပ်စစ်မီးရရှိရန်နှင့် Tower တိုင်တည်ထောင် ရန်သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအား နည်းခြင်း ၊ ငွေကြေးမတတ်နိုင်ခြင်း	၊ သက်ဆိုင်ရာဌာနများမှ ရွာတွင်းလမ်းဖောက်လုပ် ပေးခြင်း ၊ စာကြည့်တိုက်တည်ထောင်ရန် နှင့်လျှပ်စစ်မီးသွယ်တန်းရန် ပြန်/ဆက်ဌာန၊ EPC ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း ၍တစ်အိမ်သုံး Solar များထောက် ပံ့မှုရရှိအောင်ဆောင်ရွက်ခြင်း ၊ ဆက်သွယ်ရေးဌာရေးမှ Tower တိုင်ထူထောင်ပေးခြင်း	<u>၊ အခြေခံအဆောက်အဦများ ကောင်းမွန်ရေး</u> ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း ၍ရန်ပုံငွေနှင့်နည်းပညာအထောက် အပံ့ရရှိအောင် ဆောင်ရွက်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၂	<u>ပညာရေး</u> ၊ အတန်း ပညာကိုဆုံးခန်းတိုင်အောင်မသင်ကြားခြင်း ၊ကျောင်းထွက်နှုန်းများခြင်း ၊ သင်ထောက်ကူပစ္စည်းမပြည့်စုံခြင်း ၊ ပညာရေးရလာဒ်မပြည့်မီခြင်း	၊ စိတ်ပါဝင်စားမှုနည်းခြင်း ၊စားဝတ်နေရေးမပြေလည်ခြင်း ၊ မိဘများအနေဖြင့် ပညာရေး ကိုဦးစားမပေးခြင်း ၊ ကျောင်းစရိတ်မတတ်နိုင်ခြင်း ၊ သက်ဆိုင်ရာဌာနများမှ ထောက်ပံ့မှုအားနည်းခြင်း	၊ မိဘဆရာအသင်းဖွဲ့စည်းထားရှိကာလှုပ်ရှားဆောင်ရွက်မှုရှိခြင်း ၊ ရွာသားအများစုသည် ပညာ ရေးအားစိတ်ပါဝင်စားမှုရှိခြင်း	၊ ဘာသာရပ်အလိုက်ကျွမ်းကျင်သည့် ဆရာ/ဆရာမ ခန့်ထားမှုအားနည်းခြင်း ၊ မိဘဆရာအသင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ခြင်း ၊ ကျောင်းစရိတ်မတတ်နိုင်ခြင်း ၊ အလုပ်အကိုင်အခွင့် အလမ်းနည်းခြင်း	၊ မိဘဆရာအသင်းဝင်များပူးပေါင်းမှုဖြင့် ပညာရေးအဆောက်အဦများနှင့် ဝန်ဆောင်မှုများ ကောင်းအောင် ဆောင်ရွက်ခြင်း ၊ ဆရာ/မများအားကျွမ်းကျင်မှုကို စစ်ဆေးခြင်းနှင့်သင်တန်းပေးခြင်း ၊ ကလေးငယ်များ အဟာရပြည့်ဝရေးဆောင်ရွက်ခြင်း ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း	<u>ပညာရေးတိုးတက်ကောင်းမွန်ရေး</u> ၊ ပညာရေးဌာနနှင့်ပူးပေါင်း၍ သင်ထောက်ကူပစ္စည်းများရရှိအောင်ဆောင်ရွက်ခြင်း ၊ မူကြိုကျောင်းဆောင်တည်ထောင် ဖွင့်လှစ်ခြင်း ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း

		၊ မူကြိုကလေးငယ်များအတွက် ကျောင်းမရှိခြင်း ၊ ဘာသာရပ်အလိုက်ကျွမ်းကျင်ဆရာ/မ အင်အားမလုံလောက်ခြင်း			၊ ရွာအရောက်သင်တန်းများပံ့ပိုးခြင်း	

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၁၅	၂၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက် ကလေးငယ်	၃၅	၃၉	၇၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်း ကျောင်းသားအရွယ်	၄၂	၄၆	၈၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်း ကျောင်းသားအရွယ်	၅၄	၃၅	၈၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့် အရွယ်	၁၇၃	၁၆၁	၃၃၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၄	၁၁	၂၅
စုစုပေါင်း		**၃၃၀**	**၃၀၇**	**၆၃၇**
စုစုပေါင်း အိမ်ထောင်စု - ၉၄		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ - ၆ %**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အထက်ပါကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၃) အိမ်ထောင်စုရှိပြီး၊ နို့စို့အရွယ် ကလေးငယ်(၂၇) ဦး၊ လမ်းမလျှောက်နိုင်သော သက်ကြီးရွယ်အို(၂၈) ဦးနှင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦး ရေ (၆%) ယောက်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ် အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအရင်း အမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်)
လယ်မြေ	၁၆၃.၅၄	သင့်	ရ	ချောင်း ၊ စိမ့်စမ်း

ယာမြေ	၄၇	သင့်	ရ	စိမ့်စမ်း
ဥယျာဉ်ခြံမြေ	၈၇.၅	-	-	-
အိမ်ခြံဝင်းစိုက်ခင်း	-	-	-	-
ကိုင်း/ ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	၁၅	သင့်	အနည်းအကျဉ်း	စိမ့်စမ်း
သစ်တောမြေ	-	-	-	-
စုစုပေါင်း	**၁၁၀၀.၅၄**			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား) ။ ။ ၎င်းကျေးရွာတွင်ရှိသည့် အိမ်ထောင်စု အများစုသည် လယ်/ယာမြေ ပိုင်ဆိုင်ကြသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံမြေများတွင်လည်း စားသောက်ရေးအသီးအနှံများကို စိုက်ပျိုးကြပါသည်။သဘာဝမြေဩဇာ ပြုလုပ်၍မသုံးစွဲတတ်ခြင်းစသည့်တို့ကြောင့် မြေယာမှာ ယိုယွင်းပျက်စီးမှုများရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့် အခြားဘာဝအရင်းအမြစ်များ

ဇယား(၃) ဓါတ်သတ္တုနှင့် အခြားဘာဝအရင်းအမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)**
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	ခက်
ဓါတ်သတ္တု (ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	ခက်
အခြားသဘာဝ အရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	လက်လှမ်းမှီ
အပင်မျိုးစိတ်များ(လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လက်လှမ်းမှီ
ပျမ်းမျှအပူချိန်- ၃၅ ဒီဂရီစင်တီဂရိတ်	ပျမ်းမျှမိုးရေချိန်- ၉၈''	

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား) ။ ။ ၎င်းကျေးရွာတွင် ကျောက်မျက်နှင့် ဓါတ် သတ္တုပစ္စည်းများ မထွက်ရှိပါ ။ တိရစ္ဆာန်မျိုးစိတ် အများစုရှိပါသည် ။ ထို့အပြင် နွား၊ ကျွဲ၊ ဆိတ်အစာ (စားကျက်မြေ)နှင့် သဘာဝပေါက်ပင်များ ပေါများပြီး ဆေးဖက်ဝင်သည့် အပင်များဖြစ်သော မြင်းခွာရွက်၊ ဆင် တုံးမန္ကယ်ပင်၊ ဂျာမနီပင်၊ ဂမုန်း၊ ခေတ္တာ၊ တပင်တိုင်ဥ၊ သံမနိုင်ကျောက်မနိုင်ပင်၊ ဂျင်း၊ မိတ္တလင်၊ နန္တင်း၊ ဂရိတ် ဖုပင်များ အသင့်အတင့် ပေါများပါသည် ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား	လုပ်ငန်းတာဝန်	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ဘာသာရေး	၃	ကျန်းမာရေး Â ဘာသာရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â	ကောင်း
၂	လူငယ်အဖွဲ့	၂	ပညာရေး Â ကျန်းမာရေး Â ဘာသာရေးÂစိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â	သင့်
၃	အမျိုးသမီးအဖွဲ့	၂	ပညာရေး Â ကျန်းမာရေး Â ဘာသာရေးÂစိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â	သင့်
၄	ရိုးရာအဖွဲ့	၃	ပညာရေး Â ကျန်းမာရေး Â ဘာသာရေးÂစိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â	သင့်

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)။ ။ ဘာသာရေး အဖွဲ့များသည် ကျေးရွာတွင်းရှိ ကျန်းမာရေးမကောင်းသူများကို ပြုစုစောင့်ရှောက်ခြင်း၊ ဆေးရုံ/ဆေးခန်း သို့ပို့ဆောင်ပေးခြင်းနှင့် ရပ်ရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း လုပ်ဆောင်မှု အားကောင်းပါသည်။ လူငယ်အဖွဲ့သည် အသက်(၁၅) နှစ်မှ (၃၀) နှစ်အတွင်းရှိ လူငယ်များဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးကဏ္ဍများတွင် လည်း ပူးပေါင်းပါဝင်မှုရှိသော်လည်း စီမံခန့်ခွဲမှုပိုင်းတွင်အားနည်းပါသည်။ အမျိုးသမီးအဖွဲ့သည် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် အဓိကလုပ်ဆောင်ကြသော် လည်း ပူးပေါင်းပါဝင်မှုနှင့် စည်းလုံးမှုပိုင်းတွင် အားနည်းပါသည်။ ရိုးရာအဖွဲ့သည် ကျေးရွာအတွင်း ရိုးရာပွဲ တော်များ ကျင်းပပြုလုပ်ခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းစသည့် လုပ်ငန်းများ ဆောင် ရွက်ပါသည် ။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၄ ဧကအထက်	၃ ဧက မှ ၄ ဧကထိ	၁ဧကမှ ၂ဧကထိ	မပိုင်
အိမ်အခြေအနေ	သက်ကယ်မိုး၊ကပ်ကာ၊ ဝါးကြမ်းခင်း	သက်ကယ်မိုး၊ ဝါးထရံကာ၊ဝါးကြမ်းခင်း	ရုံးမိုး၊ ဝါးထရံကာ၊ဝါးကြမ်းခင်း	ရုံးမိုး၊ ဝါးထရံကာ၊ဝါးကြမ်းခင်း
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ကျပန်း	ကျပန်း
အိမ်ထောင်စု	၂၁	၃၂	၃၈	၁၂

ရင်းမြစ်...(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား) ။ ။ ကျေးရွာတွင်အဆင်ပြေသော အိမ်ထောင်စု များအနေဖြင့် မြေယာပိုင်ဆိုင်မှုများပြီး၊ အိမ်မှာလည်း ဆိုင်ကယ်၊ တီဗီနှင့် ဆိုလာ များရှိကြပါသည် ။ အလယ် အလတ်ရှိသော အိမ်ထောင်စုများသည် လယ်ယာမြေအသင့်အတင့်ပိုင်ဆိုင်ကြပြီး၊ အဆင်မပြေသော အိမ်ထောင် စုများတွင် လယ်ယာမြေအနည်းငယ်သာ ပိုင်ဆိုင်ကြ၍ အိမ်များမှာ သက်ကယ်မိုး၊ ကပ် ကာ၊ ဝါးကြမ်းခင်းများ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာမူ လယ်ယာမြေပိုင် ဆိုင်မှုမရှိပဲ ကျပန်းအလုပ် လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည် ။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂	၁၂ %	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက် (၁ ဟတ်တာထိ)	၆၂	၆၀ %	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၂၄	၂၃ %	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား (၅ ဟတ်တာထိ)	၅	၅ %	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ ဟတ်တာနှင့် အထက်)	-	-	တောင်သူကြီး
ကျေးရွာရှိ အိမ်ထောင်စုစုစုပေါင်း		**၁၀၃**	**၁၀၀ %**	

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)။ ။
ကျေးရွာရှိအိမ်ထောင်စုအများစုသည် စိုက် ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး၊ ကျပန်းလုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည် ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊ သင့်၊ များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၂၁၀.၅၄	တင်း	၃၀	၄၀	၃၅	သင့်
ပိန်းဥ	၄၀	ပိဿာ	၁၃၀	၁၇၀	၁၅၀	သင့်
ပိလောပီနံ	-	-	-	-	-	-
ပြောင်းဖူး	၂၀	တင်း	၂၀	၃၀	၂၅	သင့်
အာလာဂျီ	၇.၅	ပိဿာ	၃၀	၅၀	၄၀	သင့်
မုန်ညင်း	-	-	-	-	-	-
ဂေါ်ဖီ	-	-	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာရှိ လယ်ယာမြေများတွင် ဆန်စပါး ကိုသာ အဓိကစိုက်ပျိုးသော်လည်း၊ အခြားသီးနှံ များဖြစ်သည့် ပြောင်းဖူး၊ ပိလောပီနံ၊ ပိန်းဥ၊ ပဲတောင့်ရှည်၊ ကန်စွန်းဥ၊ မြောက်ဥနှင့် ဟင်းသီးဟင်းရွက်အပင်များဖြစ်သည့် မုန်လာဥ၊ ဂေါ်ဖီထုပ်၊ ဟင်းနုနွယ်၊ ဆလပ်ရွက်၊ မုန့်ညင်းပင်၊ ပန်းမုန်လာပင်များကိုလည်း ရာသီအလိုက် စိုက်ပျိုးကြပါသည်။ နှစ်ရှည်ပင်များဖြစ်သည့် လိမ္မော်ပင်၊ ကပ္ပလာပင်၊ ကျဲကောပင်၊ ရှောက်ပန်းပင်၊ သရက်ပင်၊ ပိန္နဲပင်နှင့် သစ်တော်ပင်များလည်း စိုက်ပျိုးကြပါသည်။ ရာသီဥတုကောင်းမွန်ပြီး၊ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်း မှာလည်း အသင့်အတင့်တွင် ရှိပါသည် ။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၉	၄၄
နို့စားနွား	-	-
ကျဲ	၂၃	၄၈
မြင်း	-	-
မြည်း	-	-

လား	-	-
ဆိတ်	၂၇	၉၃
သိုး	-	-
ဝက်	၈၉	၁၈၁
ကြက်	၈၆	၆၆၅
ဘဲ	၁	၄
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား) ။ ။ ကျေးရွာတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ် တို့ကို စီးပွားဖြစ်သော်လည်းကောင်း၊ စားသုံးရန် အတွက်လည်းကောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ကြက်၊ ဝက်များကို အိမ်တိုင်းနီးပါး မွေးမြူကြပါသည် ။ သို့သော်လည်း မွေးမြူသည့် တိရစ္ဆာန်များကို စနစ် တကျ ကြည့်ရှုခြင်း ၊ မွေးမြူခြင်းများ မရှိသောကြောင့် ကူးစက်ရောဂါကျရောက်ပါက အရေးပေါ် တားဆီးနိုင် သည့် အခြေအနေမျိုးတွင် မတည်ရှိပါ ။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-

၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း	-	-	-	-
၅	ယာဉ်၊စက်ကရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ခြင်း	-	-	-	-
၆	ကျွမ်းကျင်ပစ္စည်းများ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)	-	-	-	-
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	-	-	-	-
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေးဝန်ဆောင်မှု	-	-	-	-
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	-	-	-	-
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေးလုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိပါ ။				

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ၎င်းကျေးရွာတွင်ရှိသည့် အိမ်ထောင်စုအများစုသည် လယ်/ယာမြေပိုင်ဆိုင် ကြသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည် ။ လယ်ယာမြေပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စုများသည် ကျေးရွာတွင်းရှိ ဆွေမျိုးများ၏ လယ်ယာမြေများကို အခကြေးငွေများဖြင့် လုပ်ကိုင်ကြ သကဲ့သို့ အခြားဒေသများသို့ ခရီးတို စီးပွားရှာခြင်းများကိုလည်း လုပ်ဆောင်ကြပါသည် ။

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ဈေးအမည် (မြို့/ရွာ)	ပန်ဆောင်	နန်းယွန်း
ရွာမှအကွာအဝေး (မိုင်)	၁၅ မိုင် အထက် Â	၅၁ မိုင်အထက်Â
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ဆိုင်ကယ် Â	ဆိုင်ကယ် Â

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ ပန်ဆောင်မြို့ရှိ ဈေးဖြစ်ပြီး၊ ၎င်းဈေးမှ အစားအသောက် ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာနှင့် လက်လှမ်းမီသော အကြီးဆုံးဈေးမှာ နန်းယွန်းမြို့နယ်ဈေးဖြစ်ပါသည် ။ ၎င်းဈေးမှ စက်ကိရိယာ ပစ္စည်းများနှင့် ဆေးဝါးများကိုလည်း စုံလင်စွာ ရရှိပါသည် ။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်းအမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	မြေသားလမ်း	ကောင်း သင့် Â ညံ့	ပွင့်လင်းရာသီ တစ်နှစ်ပတ်လုံး Â	၀-၁ မိုင် Â ၁-၅ မိုင် ၅-၁၀ မိုင် ၁၀မိုင် အထက်
ချဉ်းကပ်လမ်း	-	ကောင်း သင့် ညံ့	ပွင့်လင်းရာသီ တစ်နှစ်ပတ်လုံး	၀-၁ မိုင် ၁-၅ မိုင် ၅-၁၀ မိုင် ၁၀မိုင် အထက်
ရွာချင်းဆက်လမ်း	မြေသားလမ်း	ကောင်း သင့် Â ညံ့	ပွင့်လင်းရာသီ Â တစ်နှစ်ပတ်လုံး	၀-၁ မိုင် ၁-၅ မိုင် Â ၅-၁၀ မိုင် ၁၀မိုင် အထက်

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက် ။ ။ မြေသားလမ်း- ၁၊ ကျောက်ခင်းလမ်း- ၂၊ ကျောက်ချောလမ်း- ၃၊ ကွန်ကရစ်လမ်း- ၄၊ ကတ္တရာလမ်း- ၅

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင်းရှိလည်းများသည် ရာသီအလိုက် သုံးစွဲနိုင်သည်ဟု ဆိုရာတွင် လည်း ပွင်းလင်းသည့် ရာသီတွင်သာ သွားလာရအဆင်ပြေပါသည် ။ မိုးများသော အချိန်များတွင် ဆက်သွယ် ရေးအဖြစ် ခြေလျှင်ခရီးကိုသာ အသုံးပြုကြရပါသည် ။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ၁၁ မှ ၂၀ မိုင် ၂၁ မှ ၅၀ မိုင် ၅၀ မိုင် အထက် အသုံးမပြုပါ	ပွင့်လင်းရာသီ တစ်နှစ်ပတ်လုံး
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ၁၁ မှ ၂၀ မိုင် ၂၁ မှ ၅၀ မိုင် ၅၀ မိုင် အထက် အသုံးမပြုပါ	ပွင့်လင်းရာသီ တစ်နှစ်ပတ်လုံး

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ရေကြောင်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဗာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	-	၄၆	-	-	-	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကိုသာ အများဆုံးအသုံးပြု ကြပါသည် ။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓါတ်အားလိုင်း	-
ဆိုလာစနစ်	၉၇
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	၆
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓါတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့် အခြားလျှပ်စစ်ဓါတ်အားများလည်း မရရှိပါ။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုသည် တစ်အိမ်သုံးဆိုလာများကို သုံးစွဲကြပါသည် ။ အချို့သော အိမ်များ မှာမူ ထင်းမီးကိုသာ အားကိုး၍ သုံးစွဲကြပါသည် ။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗီ
အရေအတွက်	၈	၃	၄

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်း၊ ရေဒီယိုနှင့် ဂြိုလ်တုစလောင်း များကိုအသုံးပြုသည့် အိမ်ထောင်စုများရှိပါသည် ။ CDMA လိုင်းသာ ဆက်သွယ်၍ မိပါသည် ။

(၆.၁) ကျောင်းတက်နှုန်း

ဇယား(၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၇	၂၇	၈၄
အလယ်တန်း	၂၈	၁၉	၄၇
အထက်တန်း	၁၈	၁၂	၁၉
တက္ကသိုလ်/ကောလိပ်	၄	၂	၆

ရင်းမြစ်... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မူလတန်းကျောင်းသာ ရှိပါသည် ။ အလယ်တန်းကိုမူ အုပ်စုကျေးရွာ ဖြစ်သော ဟူလောင်းကျေးရွာတွင် တက်ရောက်ကြပြီး အထက်တန်းကိုမူ ပန်ဆောင်မြို့နှင့် နန်းယွန်းမြို့များတွင် တက်ရောက်ကြပါသည် ။

(၆.၅) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း မူလွန်Â အလယ်တန်း(ခွဲ) အလယ်တန်း အထက်တန်း(ခွဲ) အထက်တန်း	မူလတန်း မူလွန် အလယ်တန်း(ခွဲ) အလယ်တန်း အထက်တန်း(ခွဲ) အထက်တန်း	မူလတန်း မူလွန် အလယ်တန်း(ခွဲ) အလယ်တန်း အထက်တန်း(ခွဲ) အထက်တန်း
ခ။ ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် ၁၅ မိုင် မှ ၂၀ မိုင် ၂၀ မိုင် အထက်	၀ မှ ၁ မိုင် ၁ မိုင် မှ ၃ မိုင် ၁၅ မိုင် မှ ၂၀ မိုင် ၂၀ မိုင် အထက်	၀ မှ ၁ မိုင် ၁ မိုင် မှ ၃ မိုင် ၁၅ မိုင် မှ ၂၀ မိုင် ၂၀ မိုင် အထက်
ဂ။ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု	ခြေလျင် Â စက်ဘီး ဆိုင်ကယ် ကား	ခြေလျင် စက်ဘီး ဆိုင်ကယ် ကား	ခြေလျင် စက်ဘီး ဆိုင်ကယ် ကား
ဃ။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း သင့်Â ညံ့	ကောင်း သင့် ညံ့	ကောင်း သင့် ညံ့
င။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည် မလုံလောက်ပါÂ	လုံလောက်မှုရှိသည် မလုံလောက်ပါ	လုံလောက်မှုရှိသည် မလုံလောက်ပါ
စ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း သင့် Â ညံ့ မရှိ	ကောင်း သင့် ညံ့ မရှိ	ကောင်း သင့် ညံ့ မရှိ
ဆ။ ကျောင်းအဟာရ တိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် တိုက်ကျွေးမှု မရှိပါÂ	တိုက်ကျွေးမှုရှိသည် တိုက်ကျွေးမှု မရှိပါÂ	တိုက်ကျွေးမှုရှိသည် တိုက်ကျွေးမှု မရှိပါ
ဈ။ ကျောင်းဆရာ/မ ဦးရေ	**ကျား** **မ** **ပေါင်း**	**ကျား** **မ** **ပေါင်း**	**ကျား** **မ** **ပေါင်း**

အစိုးရခန့်	၂	၄	၆	-	-	-	-	-	-
ကျေးရွာခန့်	-	-	-	-	-	-	-	-	-

ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး၊ ဆရာ/ဆရာမဦးရေ စုစုပေါင်း (၆)ဦး ရှိပါသည်။ စာသင်ကျောင်းမှာ သွပ်မိုး၊ ပျဉ်ကာ၊ ကြမ်းခင်းဖြစ်ပြီး၊ ကျောင်းသုံးပရိဘောဂစွဲညှိုးများ လုံလောက်မှုမရှိသည့်အပြင်၊ ကျောင်းအဟာရတိုက်ကျွေးမှု အစီစဉ်များလည်း မရှိပါ။ တက်ရောက်နေသော ကျောင်းသားအချို့နှင့် ဆရာ/မ အချို့လည်း မျှတခြင်းမရှိပါ ။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား(၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှုန်းမှု/ ဖြစ်ပွားမှု
၁	ဝမ်းပျက်ဝမ်းလျှောခြင်း	မြင့်
၂	သွေးလွန်တုပ်ကွေး	နိမ့်
၃	ငှက်ဖျား	မြင့်
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	နိမ့်
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	နိမ့်
၆	တီဘီ	နိမ့်
၇	ဆီးချို	နိမ့်
၈	သွေးတိုး	နိမ့်
၉	အသည်းရောဂါ (ဘီ၊ စီ)	မရှိ
၁၀	အဟာရ ချို့တဲ့မှု	မြင့်
၁၁	အခြားကူးစက်နိုင်သော ရောဂါများ	နိမ့်

ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် ကျန်းမာရေး အသိပညာသိရှိမှု အားနည်းသောကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် ငှက်ဖျားရောဂါ၏ဖြစ်ပွားမှုမှာ မြင့်မားလျက်ရှိပါသည် ။ စားနပ်ရိက္ခာမဖူလုံခြင်း ၊ အာဟာဖြစ်စေသော အစားအသောက်များအား စားသုံးခြင်းအား နည်းသောကြောင့် ကလေးသူငယ်များတွင် အာဟာရချို့တဲ့မှု မြင့်မားလျက်ရှိပါသည် ။

(၇.၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား(၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ
၁	အဆုတ်ရောဂါ		မရှိ
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	-
၃	ပိုလီယိုရောဂါ	ရှိ	-
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	-
၅	ဝက်သက်ရောဂါ	ရှိ	-
၆	အခြားစုပေါင်း ကာကွယ်ဆေးထိုးနှုံမှု	ရှိ	-
၇	အာဟာရ မှတ်တမ်းယူမှု (အရုပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	-	မရှိ
၈	အာဟာရပညာပေး အစီအစဉ်	-	မရှိ

ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ပိုလီယိုရောဂါ၊ မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ ဝက်သက်ရောဂါနှင့် အခြားစုပေါင်း ကာကွယ်ဆေးထိုးနှုံမှုများ ပုံမှန်ကွင်းဆင်း ဆောင်ရွက် ပေးလျက်ရှိပါသည်။ ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါနှင့် အသဲရောင်အသားဝါရောဂါများအတွက် ကာကွယ် ဆေးထိုးခြင်းမှာ ပုံမှန်မရှိပါ ။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ ဆေးပေးခန်းများ)

ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် ၃ မိုင် မှ ၅ မိုင် ၅ မိုင် မှ ၁၀ မိုင် ၁၀ မိုင်အထက်	ရှိ မရှိ Â
တိုက်နယ်ဆေးရုံ	၀ မှ ၁ မိုင် ၁ မိုင် မှ ၃ မိုင် ၃ မိုင် မှ ၅ မိုင် ၅ မိုင် မှ ၁၀ မိုင် ၁၀ မိုင်အထက်	ရှိ မရှိ

မြို့နယ်ဆေးရုံ	၀ မှ ၁ မိုင် ၁ မိုင် မှ ၃ မိုင် ၃ မိုင် မှ ၅ မိုင် ၅ မိုင် မှ ၁၀ မိုင် ၁၀ မိုင်အထက် Â	ရှိ မရှိ Â

ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ မရှိဘဲ၊ အရေးပေါ်လူနာ များရှိပါက ပန်ဆောင်မြို့တိုက်နယ်ဆေးရုံနှင့် နန်းယွန်းမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသ မှုရှိသည်ကို တွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ)
ရေတွင်း	-	ကောင်း သင့် သည့်	-
အဝီစိတွင်း/ စက်တပ်	-	ကောင်း သင့် သည့်	-
အဝီစိတွင်း/ တုံကင်	-	ကောင်း သင့် သည့်	-
မိုးရေသိုလှောင်ကန်	-	ကောင်း သင့် သည့်	-
မြစ်/ ချောင်းရေ	-	ကောင်း သင့် သည့်	-
ရေကန်	-	ကောင်း သင့် သည့်	-
စိမ့်စမ်းရေ	၁၀၃	ကောင်း သင့် Â သည့်	လုံလောက်မှုရှိ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြေမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုအများစုသည် စိမ့်စမ်းရေကိုသာအဓိကထားသောက် သုံးကြပါသည် ။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား(၂၂) အိမ်သာအမျိုးအစား

သုံးစွဲနိုင်သော အိမ်သာအမျိုးအစား	**သုံးစွဲနိုင်သော အိမ်ထောင်စု**
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	**-**
ရေဆွဲအိမ်သာ	-
ရေလောင်း/ ယင်လုံအိမ်သာ	၈၁
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	-
တွင်း/ ဇလားအိမ်သာ	၁၇
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	၅
စုစုပေါင်း	**၁၀၃**

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ယင်လုံအိမ်သာ အသုံးပြုကြပြီး၊ အိမ်သာ အများစုသည် သန့်ရှင်းမှုမရှိပါ။ အိမ်သာမသုံးစွဲသော အိမ်ထောင်စု(၅)စုရှိပါသည် ။

(၁၀) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

စဉ်	**ဘေးအန္တရာယ် အမျိုးအစား**	**အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်**
၁	စားနပ်ရိက္ခာ မဖူလုံမှု	လတ်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်
၃	ရေကြီးခြင်း	-
၄	မိုးခေါင်ခြင်း	နိမ့်
၅	အအေးလွန်ကဲခြင်း	နိမ့်
၆	မုန်တိုင်း	နိမ့်
၇	ငလျင်	နိမ့်
၈	မီးဘေး	နိမ့်
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်

၁၁	သစ်တောပြုန်းတီးခြင်း	မြင့်
၁၂	ငှက်ဖျားရောဂါ	မြင့်
၁၃	တီဘီရောဂါ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု	နိမ့်
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်ပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်များကို တောင်ယာခုတ်၍ လယ်ယာမြေဖော်ဆောင်ကာ သီးနှံများစိုက်ပျိုးခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် သစ် တောများပြုန်းတီးခြင်း၊ တောင်ပေါ်ဒေသဖြစ်သောကြောင့် မိုးများပြီး ဆီးနှင်းများကျရောက်ကာ အအေးပို ခြင်း၊ ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ ရှိပါသည် ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ

အကြောင်းအရာ	**အန္တရာယ်ရှိမှု (နိမ့်၊လတ်၊ မြင့်)**	**ဖော်ပြချက်/ ရှင်းလင်းချက်**
မြေဆီသြဇာ အခြေအနေ	လတ်	မြေဆီ/မြေသြဇာ ဝယ်ယူသုံးစွဲမှု မရှိသောကြောင့် သဘာဝဓါတ်မြေ သြဇာများ ပျက်ယွင်းစ ပြုလာပါသည်။
အပင်မျိုးစိတ်များ	မြင့်	ရွှေ့ပြောင်းတောင်ယာခုတ်၍ တောင်ယာစိုက်ပျိုးကြသောကြောင့် သစ်တောပြုန်းတီးမှုဖြစ်ပေါ်ပြီးအပင်မျိုးစိတ်များရှားပါးလာပါသည်။
ရေအရင်းမြစ်	လတ်	ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးနေကြသောကြောင့် သစ်တော ပြုန်းတီးမှုများ ဖြစ်ပေါ်ပြီး ရာသီဥတုဖောက်ပြန်ကာရေ အရင်းအမြစ် များလည်း ဆုံးရှုံးမှုဖြစ်ပေါ်နေပါသည်။

ငါးမျိုးကွဲများ	နိမ့်	မြစ်ချောင်း၊ အင်း၊ အိုင်များတွင် Battery ရော့တိုက်ခြင်း၊ ငါးမိုင်းခွဲ ခြင်း၊ ပိုက်ကွန်ပြစ်ခြင်းစသည့် ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ကြောင့် ငါးမျိုးစိတ်များ ရှာပါးလာပါသည် ။
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	အမဲလိုက်ခြင်းနှင့်သစ်တောပြုန်းတီးမှုများကြောင့်အခြားတိရစ္ဆာန်မျိုးကွဲများလည်း ရှားပါးလာပါသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာရှိ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်သီးနှံဖျက်ပိုး ကျရောက်ပြီး၊ ဖြေရှင်းနိုင် သည့်အနေအထားတွင်ရှိပါသည်။ တောင်ယာခုတ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် အပင်မျိုး စိတ်များ ပြုန်းတီးမှုများပြီး၊ တောတွင်းတိရိစ္ဆာန်များကို အမဲလိုက်ကာ စားသုံးကြသောကြောင့် သားရဲ တိရိစ္ဆာန်မျိုးကွဲများ ရှားပါးလာပါသည် ။

(၁၀) ကျား - မ ရေးရာ

ဇယား(၂၅) ကျား - မ ရေးရာ

စဉ်	**ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက်အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ**	**ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှမှန်သည်ဟုယူဆသောတစ်ခုကိုရွေးပေးပါရန်**	
၁	ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု	ရှိ	မရှိ Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ Â	မရှိ

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာ၏ စီမံအုပ်ချုပ်ပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း၊ ရပ်ရွာဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှု ရှိပါသည် ။